KPSN

## သတင်းထုတ်ပြန်ချက် - ချက်ချင်းထုတ်ပြန်ရန်

**ဒုက္ခသည်များသည် စစ်မှန်သော ငြိမ်းချမ်းရေးအတွက် ပါဝင်သူများနှင့် တိုက်ပွဲဝင်သူများအဖြစ် ကမ္ဘာ့ဒုက္ခသည်များနေ့၌ အသိအမှတ်ပြုရမည်**

**( ရန်ကုန်, ၂၀၁၇ ခုနှစ် ဇွန်လ (၂၀) ရက် )** - "အခွန့်ရာယ်တွေကင်းတဲ့တစ်ချိန်မှာ ကျနော် အိမ်ပြန်ချင်တယ်။ နိုင်ငံထဲမှာ ငြိမ်းချမ်းရေးရတဲ့အချိန်ကျမှသာ ကျနော် အိမ်ပြန်ရဲမှာပေါ့။ ကျနော်အသက်ရှင်ဖို့အတွက် ကျနော့်ရဲ့အသံကို နားထောင်ပေး ကြပါ"( မယ်လဒုက္ခသည်စခန်း ဒုက္ခသည်စခန်းတွင်နေထိုင်သူ)

**"ပြည်တွင်းနေရပ်စွန့်ခွာသူတွေနဲ့ ဒုက္ခသည်အဖွဲ့တွေဟာ အနာဂတ်ငြိမ်းချမ်းရေးအတွက် အခရာကျသူတွေ ဖြစ်ကြပါတယ်။ ဒုက္ခ သည်တွေနဲ့ ပြည်တွင်းနေရပ်စွန့်ခွာသူတွေ ငြိမ်းချမ်းစွာ ပြန်လာနိုင်ဖို့ကတော့ စစ်မှန်ပြီး ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးလမ်းပေါ် ရောက်တဲ့အချိန်မှ ဖြစ်နိုင်မယ်။"** ( စောကျော်စွာ - ကရင်ငြိမ်းချမ်း ရေးအထောက်အကူပြုကွန်ယက်)

ဤသည်မှာ ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် ဒုက္ခသည်များက **ကမ္ဘာ့ဒုက္ခသည်များနေ့** အတွက် ပြောကြားလိုက်သည့် သတင်း စကားပင် ဖြစ်သည်။

"ပြည်တွင်းနေရပ်စွန့်ခွာသူတွေနဲ့ ဒုက္ခသည်တွေ နေရပ်ပြန်ဖို့ဆိုတာက ငြိမ်းချမ်းရေးဖြစ်စဉ် သဘောတူညီချက်ရဲ့ အစိတ်အပိုင်း တစ်ခုဖြစ်ပြီး ရှင်းလင်း၊ ပြည့်စုံမှုဖြစ်အောင် အမှန်တကယ် ခံစားနေရတဲ့သူတွေကိုယ်တိုင် ပါဝင်ဆုံးဖြတ်ထားချက်တွေကို ထပ်မံ ထည့်သွင်းပေးနိုင်ဖို့ လိုအပ်တယ်။ ဒုက္ခသည်တွေကို အတင်းအဓမ္မ ပြန်လည်ပြောင်းရွှေ့ခိုင်းတာမျိုး မဖြစ်စေချင်ဘူး။" စောဖလားကို (ဒုက္ခသည်စခန်းတွင် နေထိုင်သူ)

ဒုက္ခသည်တွေ နေရပ်ပြန်ရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ယုံကြည်နိုင်ရန်မှာ ဒုက္ခသည်များ၊ ပြည်တွင်း နေရပ်စွန့်ခွာသူများနှင့် အတူ ဆောင်ရွက်ထားခြင်းမဟုတ်။ ယုံကြည်မှုကိုပျက်ပြားစေရန် ချန်လှပ်ထားသည့် အချက်တစ်ခုမှာ ဒုက္ခသည်များ နေရပ်ပြန်မည့်လမ်းသည် မြန်မာ့တပ်မတော်က အခြေစိုက်လျက်ရှိသည့် နေရာများ ဖြစ်နေသည်။

အီတူးထာပြည်တွင်းဒုက္ခသည်စခန်းမှ နေရပ်စွန့်ခွာခဲ့ရသူတစ်ဦးက "တပ်မတော်က သူတို့အခြေချထားတဲ့ ၁၇နေရာကနေ ပြန် လည်ထွက်ခွာဖို့ လိုအပ်ပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲ စတင်ချိန်ကစပြီး တပ်စခန်းတွေ

တိုးချဲ့မှုတွေရှိလာရာ ယခင် စခန်း ၆၅ခုကနေ ယခု ၈၁ခု ရှိနေပြီ။ ဒါဟာ ကျနော်တို့အတွက် ယုံကြည်မှုကို ပျက်ပြားစေတဲ့အကြောင်းပဲ။ လက်ရှိမှာ အဲဒီတပ်စခန်း တွေက ကျနော်တို့ရဲ့ ကျေးရွာတွေ၊ ယာတောတွေ၊ ခြံတွေ၊ လမ်းတွေပေါ်မှာ နေရာယူထားကြတယ်။ အဲဒါကြောင့် ပြည်တွင်းနေ ရပ်စွန့်ခွာသူတွေနဲ့ ဒုက္ခသည်တွေအတွက် သေချာတဲ့ လုံခြုံရေးအစီအစဉ်နဲ့ လုံခြုံမှုတွေ လိုအပ်တယ်။ အဲတာကတော့ တပ်မတော်အနေနဲ့ ကျနော်တို့ကျေးရွာနဲ့ ရွာအနီးတဝိုက် တပ်ချထားတဲ့နေရာတွေ အားလုံးကနေ ပြန်လည်ထွက်ခွာသွားမယ်ဆိုရင် တော့ ကျနော်တို့အနေနဲ့ အိမ်ပြန်ဖို့ လုံခြုံမှုရှိတယ်လို့ ခံစားနိုင်ပါမယ်။"

အခြားတောင်းဆိုချက်များမှာ စောင့်ကြည့်ရေးအစီအစဉ်များနှင့် တပ်ပိုင်းဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်ဆိုင်ရာ သဘောတူညီ မှုများကို သေချာစွာ လိုက်နာလုပ်ဆောင်ရမည့်အပြင် မြေမြှုပ်မိုင်းအားလုံး ရှင်းလင်းရေး အစရှိတဲ့ အချက်များသည်လည်း ငြိမ်း ချမ်းရေးဖြစ်စဉ်အတွက် လိုအပ်သည့်အဆင့်များ ဖြစ်သည်။ ထိုကဲ့သို့သော အာမခံချက်များ မရှိပါက ပြည်တွင်းနေရပ်စွန့်ခွာရသူ များ၊ ဒုက္ခသည်များအနေဖြင့် ၎င်းတို့၏ လုံခြုံရေးအတွက် စိတ်ချမှုရှိသည်ဟု ခံစားရမည်မဟုတ်ပေ။ ထို့အပြင် လက်ရှိအချိန်တွင် ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် ဒုက္ခသည်များအား ထောက်ပံ့ပေးလျှက် ရှိသော ရန်ပုံငွေများမှာ တဖြည်းဖြည်းလျော့နည်း လာရာ ၎င်းတို့အနေဖြင့် နေရပ်ပြန်ရန် အဆင်သင့်မရှိသေးသည့်အချိန် တွန်းအားတစ်ရပ်ဖြစ်နေသောကြောင့် ဒုက္ခသည် များတွက် ဆိုးကျိုးများသာ ရရှိလာမည်ဖြစ်သည်။

ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် ဒုက္ခသည်များကို ပဋိပက္ခကြောင့် တိုက်ရိုက် ခံစားနေရတဲ့သူများဖြစ်သောကြောင့် လျစ်လျူမရှု သင့်ပါ။ ၎င်းတို့၏အသံများကို နားထောင်ပေးခြင်းနှင့် ၎င်းတို့၏ ဂုဏ်သိက္ခာပိုင်းကိုလည်း လေးစားသောအားဖြင့် ထည့်သွင်းစဉ်း စားပေးရန် လိုအပ်သည်။ "ပြည်တွင်းနေရပ်စွန့်ခွာသူတွေနဲ့ ဒုက္ခသည်တွေဟာ ဆုံးဖြတ်ချက်ချတဲ့အပိုင်းမှာ ပါဝင်ဖို့နဲ့ ကျနော်တို့ မျှော်လင့်ထားတဲ့ နေရပ်ပြန်ဖို့ အစီအစဉ်တွေ ဖြစ်ရပါမယ်။ ပြီးတော့ ကိုယ့်ဌာနကို ပြန်သွားမဲ့ ပြည်တွင်းနေရပ်စွန့်ခွာသူတွေနဲ့ ဒုက္ခသည် တွေကိုလည်း ခွဲခြားဆက်ဆံမှုတွေ မရှိဖို့ လိုအပ်ပါတယ်။"ဟု အီတူးထာ့မှ ပြည်တွင်းနေရပ်စွန့်ခွာသူတစ်ဦးက ပြောသည်။

နောက်ဆုံးအနေဖြင့် ပြည်တွင်းစစ်ကြီး ချုပ်ငြိမ်းသွားရန်နှင့် ရေရှည်တည်တံ့ကာ အခွန့်ရှည်သော ငြိမ်းချမ်းရေးပေါ်ပေါက် လာစေရန် တောင်းဆိုရင်း မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသော အနာဂတ်အတွက် ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် ဒုက္ခသည်များကို အရေးပါသူများအဖြစ် အသိအမှတ်ပြုသင့်ပါသည်။

**ထပ်မံသိရှိလိုပါက ဆက်သွယ်ရန်**

၁. စောကျော်စွာ - +၉၅၉၇၉၄၉၅၂၀၅၆

၂. နော်ဘလူးမင်းနိုင်ဇံ - +၉၅၉၄၂၁၃၄၂၂၇၄